ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၇၀ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်)

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) အား အစားထိုးပြင်ဆင်ခြင်း**

၁။ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) ၏ ၁၆-၁၀-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၂၀၁၉/၀၅၅) နှင့်အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ၂-၁-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ၏ အပိုဒ် ၃ (ခ) ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်လိုက်သည် -

(ခ) CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များ၏ အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်အစိတ်အပိုင်းများ၊ ဆင့်ပွားပစ္စည်းများနှင့်ပရိဘောဂပစ္စည်းများ အားလုံးတို့သည် CITES Appendix II သတ်မှတ်ချက်တွင် အကျုံးဝင်သည် -

(၁) အရွက်၊ အပွင့်၊ ဝတ်မှုန်၊ အသီး၊ အစေ့၊

(၂) တစ်ကြိမ်တင်ပို့လျှင် သစ်အလေးချိန်အများဆုံး (၁၀) ကီလိုဂရမ်ထက်မပိုသော ကုန်ချောပစ္စည်းများ

(၃) ကုန်ချောအဆင့် ထုတ်လုပ်ထားသည့် ဂီတတူရိယာပစ္စည်း၊ အစိတ်အပိုင်းနှင့်ဆက်စပ်ပစ္စည်းများ၊

(၄) Annotation # 4 တွင် အကျုံးဝင်သည့် *Dalbergia cochinchinensis* ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

(၅) Annotation # 6 တွင် အကျုံးဝင်သည့် မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် ဒေသရင်း Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

ရှင်းလင်းချက်။ CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များအတွက် အထက်ဖော်ပြပါ ကင်းလွတ်ခွင့်များအား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြလိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ (သစ်တော) ၃(၁)/CITES( ၂၇၃၁ / ၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>ညွှန်ကြားရေးမှူးချုပ် | } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် အပိုမိတ္တူ (၅) စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။ |

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်

ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး

(.........................................................................................)

အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

(ခင်မောင်ရီ)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂-၁-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) အား အစားထိုးပြင်ဆင်ခြင်းနှင့်ပတ်သက်၍ CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များအတွက် ကင်းလွတ်ခွင့်များအားရှင်းလင်းချက်

| စဉ် | ကင်းလွတ်ခွင့် | ရှင်းလင်းချက် |
|---|---|---|
| ၁။ | တစ်ကြိမ်တင်ပို့လျှင် သစ်အလေးချိန် အများဆုံး (၁၀) ကီလိုဂရမ်ထက် မပိုသော ကုန်ချောပစ္စည်းများ | အလေးချိန် (၁၀) ကီလိုဂရမ်ဆိုသည်မှာ စုစုပေါင်း တင်ပို့သည့် ကုန်ပစ္စည်းအလေးချိန်အား ဆိုလိုခြင်း မဟုတ်ပဲ တင်ပို့မည့် ကုန်ပစ္စည်းတစ်ခုလျှင် ပါဝင်သော သစ်အလေးချိန်အား ဆိုလိုသည်။ |
| ၂။ | ကုန်ချောအဆင့်ထုတ်လုပ်ထားသည့် ဂီတတူရိယာပစ္စည်း၊ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ | အဆင်သင့်တီးခတ်နိုင်သော (သို့မဟုတ်) ထပ်မံပြုပြင်ရန် မလိုအပ်ပဲ အစိတ်အပိုင်းများ တပ်ဆင်အသုံးပြုရန်သာ လိုအပ်သည့်အဆင့်ထိ ထုတ်လုပ်ထားသော ဂီတတူရိယာပစ္စည်းများ၊ ဂီတတူရိယာပစ္စည်းတွင် တပ်ဆင်အသုံးပြုရန် သီးသန့်ဒီဇိုင်းရေးဆွဲပြုလုပ်ထားသော အချောထည်အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆိုလိုသည်။ |
| ၃။ | Annotation # 4 | အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများအားလုံးသည် CITES Appendix II စာရင်းဝင် မျိုးစိတ်များဖြစ်သည် -<br>(က) အစေ့များ၊ မျိုးစေ့များနှင့် ဝတ်မှုန်များ။<br>(ခ) ပိုးသတ်ထားသည့် ဖန်ခွက် (Container) များဖြင့် သယ်ဆောင်မည့် အစိုင်အခဲ (သို့) အရည် (သို့) ဖန်ပြွန်ချောင်းများဖြင့် မျိုးပွားခြင်းမှရရှိထားသည့် အပင်ပေါက်များနှင့် တစ်သျှူး (Tissue cultures) များ၊<br>(ဂ) ပဝတ္တိနည်းဖြင့် မျိုးပွားထားသည့် အပင်များမှ ဖြတ်တောက်ထားသည့် ပန်းပွင့်များ၊<br>(ဃ) အသီးများ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊<br>(င) ပင်စည်များ၊ ပန်းပွင့်များ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ။ |

| စဉ် | ကင်းလွတ်ခွင့် | ရှင်းလင်းချက် |
| --- | --- | --- |
| ၄။ | Annotation # 6 | မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့်ဒေသရင်း Dalbergia မျိုးစိတ်များ၏ သစ်လုံးများ၊ သစ်ခွဲသားများ၊ သစ်ပါးလွှာများ၊ အထပ်သားများ။ |